# ဝိညာဉ်အာဟာရ

စာစောင်

ဧပြီလ၊ ၂၀၂၂

အတွဲ–၁၊ အမှတ်စဉ်–၁




## အယ် ဒီ တာ အာ ဘော်

စာမျက်နှာ(၂) သို့ ►►

## ဘိသိက်နှင့်ပြည့်စုံသောခေါင်းဆောင်တစ်ယောက်၏ အသက်ရှင်ခြင်းနိယာမနှင့် စီမံခန့်ခွဲခြင်း

စာမျက်နှာ(၆) သို့ ►►





## တာဝန် (သို့) စေခိုင်းချက်

စာမျက်နှာ(၅) သို့ ►►

## ချီးမွမ်းခြင်းများ နှင့် ဆုတောင်းချက်များ

စာမျက်နှာ(၈) သို့ ►►

သံကို သံဖြင့်ထက်စေသကဲ့သို့ လူသည် အဆွေခင်ပွန်း၏ မျက်နှာကို ထက်စေတတ်၏။ (သုတ္တံ၊ ၂၇း၁၇)

## အယ်ဒီတာ အာဘော်

၁တိ၊ ၂း၁-၂

"ငါတို့သည် ဘုရားဝတ်၌မွေ့လျော်ခြင်း၊ လျောက်ပတ်စွာ ကျင့်ခြင်းအမျိုးမျိုးကိုပြု၍၊ ငြိမ်ဝပ် ဆိတ်ညံ့စွာနေရမည်အကြောင်း၊ ရှင်ဘုရင်မှစ၍ မင်းအာဏာရှိသောသူအပေါင်းတို့နှင့် လူအမျိုးမျိုးတို့အဘို့ ဆုတောင်းပဌနာပြုခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကို ရှေးဦးစွာပြုစေခြင်းငှါ ငါတိုက်တွန်း သွေးဆောင်၏"

ယခုအချိန်သည် ကျွန်ုပ်တို့ မြန်မာနိုင်ငံကြီးအတွက် အထူးပင်အရေးကြီးသောအချိန်ကာလဖြစ်သည်အားလျော်စွာ ကျွန်ုပ်တို့ယုံကြည်သူများမှလည်း ဆုတောင်းခြင်းဖြင့်ပါဝင်ရန် လိုအပ်ပါသည်။ တိုင်းပြည်ခေါင်းဆောင်များအတွက် ဆုတောင်းပေးသည်သာမက၊ တိုင်းပြည်တွင်းမြင့်တတ်နေသောဒုစရိုက်မှုများ၊ ဆိုးသွမ်းလုရက်မှုများ၊ မူးယစ်မှုများ၊ အားလုံးတို့ကို ဘုရားသခင် ဖယ်ရှားပေးရန်နှင့် ဘုရားသခင်အုပ်စိုးသော ငြိမ်ဝပ်သန့်ရှင်းအောင်မြင်သောတိုင်းနိုင်ငံဖြစ်လာရန် အထူးဆုတောင်းပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ဆက်လက်၍ ယုံကြည်သူများသည် အဆိုးအားဖြင့်အရှုံးမခံဘဲ၊ အကောင်းအားဖြင့် အဆိုးကိုအနိုင်ယူဖို့ ဆုတောင်းကောင်းကြီးပေးခြင်းသည်အကောင်းဆုံး ပုံသက်သေဖြစ်ပေသည်။ အရာရာဖြစ်ပျက်ဖြစ်တည်သမျှသည် ဘုရားသခင်၏အလိုတော်အတိုင်းဖြစ်သည်ကိုသဘောပေါက်လျက် လူအမျိုးမျိုးတို့အဘို့ ဆုတောင်းပဌနာပြုခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကိုရှေးဦးစွာပြုရမည်ဟု နှုတ်ကပတ်တော်သည် တိုက်တွန်းသကဲ့သို့ ကျွန်ုပ်တို့၏တိုင်းပြည်ကို အမင်္ဂလာမှ မင်္ဂလာသို့ကူးပြောင်းရန် ဆုတောင်းကောင်းကြီးပေးကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

---

## ထံတော်သို့ ဆုတောင်းပဌနာ (၁)

**ပဌနာ အတွက် ခြေလှမ်းများ —**

ဆုတောင်းပဌနာပြုခြင်းနှင့် စပ်ဆိုင်သော နိဿယ (သို့) နည်းလမ်း ၁၂ ချက်ကို ဂရုပြုစေချင်သည်။ နေ့စဉ်အသက်တာတွင် လမ်းစဉ်တစ်ခုခြင်းတွင် ငါးမိနစ်မျှအာရုံပြုလျှင်ပင် တစ်နာရီဟူသောအချိန်ကို နှစ်လိုဖွယ်ဖြစ်စေပြီး၊ ဆုတောင်းပဌနာပြုလျက်မွေ့လျော်သူဖြစ်လာစေပါလိမ့်မည်။ ခရစ်တော်ကားတိုင်ထက် တက်လှမ်းစဉ် ဖြစ်အင်ကို သုံးသပ်ကြည့်လျှင် တပည့်တော်တို့အား "သင်တို့သည် တစ်နာရီခန့်မျှ ငါနှင့်အတူစောင့်၍ နေခြင်းငှါ ဤသို့မစွမ်းနိုင်သလော"ဟု မိန့်တော်မူခဲ့သည်ကို အမှတ်ရပါ(မ၊ ၂၆း၄၀)။ အောက်ဖော်ပြပါ နည်းလမ်းအား အသုံးပြုလျှင် 'စွမ်းနိုင်သည်သခင်' ဟု ခရစ်တော်မှ ထိုအတိုင်းမေးခဲ့လျှင် နေ့စဉ်အလွယ်ဖြေဆိုနိုင်ကြပါလိမ့်မည်။

**ချီးမွမ်းခြင်း — ဘုရားသခင်ပြုတော်မူသော အမှုများ**

နေ့စဉ်ပြုသော ဆုတောင်းပဌနာအချိန်တွင် ဘုရားသခင်အားချီးမွမ်းခြင်းသည် ယုံကြည်သက်ဝင်မှု၊ လေးမြတ်မှု၏ သက်သေဖြစ်ကြောင်း နှုတ်ကပတ်တော်တွင် ရိုးရှင်းစွာ ဖော်ပြထားသည်။ အမှန်စင်စစ် နှုတ်ကပတ်တော်တွင် ပဌနာပြုခြင်းထက် ချီးမွမ်းမှုကို ပိုမိုဖော်ကျူးထားသည်။ ထိုမျှမက မည်သည့် အရာအတွက်မဆို ဆုတောင်းမှု အစမပြုမီ ချီးမွမ်းခြင်းဖြင့် အစပြုသင့်ကြောင်း လေ့လာမှုများအရ မြင်တွေ့နိုင်ပေသည်။

**သက်သေခံသော နှုတ်ထွက်ကျမ်းစကားများ**

အောက်ပါကျမ်းပိုဒ်များသည် ဆုတောင်းခြင်းအတွက် နည်းလမ်းများပင်ဖြစ်ပေသည်။

(က) "ကောင်းကင်ဘုံ၌ရှိတော်မူသောအဘ . . . .

စာမျက်နှာ (၅) သို့ ▶▶

"သင်တို့သည် တစ်နာရီခန့်မျှ ငါနှင့်အတူ စောင့်၍ နေခြင်းငှါ ဤသို့မစွမ်းနိုင်သလော"

# အိမ်တိုင်ရာရောက်ခရစ်တော်ဧဝံသာသနာပြုအဖွဲ့ လှုပ်ရှားမှုဓာတ်ပုံများ

## ဧဝံဂေလိစာဝေခြင်း





## ကျမ်းစာသင်တန်းပြုလုပ်ခြင်း





## ရေနှစ်ခြင်းမင်္ဂလာခံယူခြင်း





# အိမ်တိုင်ရာရောက်ခရစ်တော်ဧဝံဂေလိ သနာပြုအဖွဲ့ လှုပ်ရှားမှုဓာတ်ပုံများ

## စေတနာ့အမှုတော်ဆောင်များပါဝင်ဆက်ကပ်ခြင်း





## တပည့်တော်စုအသစ်များ





## ဇန်နဝါရီလ မှ မတ်လ ၂၀၂၂ အတွင်း လှုပ်ဆောင်ချက်များ

| | | |
|---|---|---|
| ဝေစာဝေခဲ့သောအိမ်ခြေပေါင်း | = | ၁၁၀၁၄၁ |
| အများပြည်သူနေရာများဝေခြင်း | = | ၁၅၇၁၉ |
| ဝေစာစောင်ရေပေါင်း | = | ၁၂၅၈၆၀ |
| အသင်းတော်များနှင့်လက်တွဲမှု | = | ၁၃၉ |
| စေတနာအမှုတော်ဆောင်များပါဝင်မှု | = | ၁၆၉ |
| အင်တာနက်ဖြင့် ဧဝံဂေလိဟောမှု | = | ၆၈၀၅၅ |
| သင်တန်းများပြုလုပ်ခြင်း | = | ၂၀၇ |
| ရေနှစ်ခြင်းမင်္ဂလာခံယူသူ | = | ၁၈ |
| တပည့်တော်စုအသစ် | = | ၁ |
| ဧဝံဂေလိနှင့် ဝေစာဝေခြင်းမှ တုန့်ပြန်သူ | = | ၃၅၅ |



❖ **ထံတော်သို့ ဆုတောင်းပဌနာမှ**

နာမတော်အားရိုသေလေးမြတ်ခြင်းရှိပါစေ” (မ၆း၉)။ခရစ်တော်သင်ပြသောဆုတောင်းပဌနာပြုရာတွင် ကျွန်ုပ်တို့ တွေ့ရသည့်မှာ ဘုရား သခင်အား “ရိုသေလေးမြတ်ခြင်း”ကို တွေ့မြင်ရသည်။

(ခ) “ကရုဏာတော်သည် အသက်ထက်သာ၍ ကောင်းသောကြောင့် အကျွန်ုပ်၏နှုတ်သည်ကိုယ်တော်ကို ချီးမွမ်းပါမည်” (ဆာ၊၆၃း၃)။

(ဂ) “ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ဝန်ခံလျက် နှုတ်ခမ်းအသီးတည်းဟူသော ချီးမွမ်းခြင်းယဇ်ကို သခင်ယေရှုအားဖြင့် ဘုရားသခင်ရှေ့တော်၌ အစဉ်ပူဇော်ကြကုန်အံ့”

(ဟေဗြ၊၁၃း၁၅)

ချီးမွမ်းခြင်းဆိုသည်မှာ ယေဘူယျအားဖြင့် ဘုရားသခင်အဖြစ်တော်ကိုနှုတ်ဖြင့်ဝန်ခံခြင်းဖြစ်သည်။ ထိုစကားမှာ ပြင်သစ်စကားမှလာခြင်းဖြစ်ပြီး အနက်မှာ “အပ်နှင်းခြင်း” ဖြစ်သောကြောင့် ဘုရားသခင်အား ထိုက်တန်သည့်အတိုင်း ချီးမွမ်းပေးအပ်ခြင်းဖြစ်သည်။ တစ်စုံတစ်ဦးကို အပ်နှင်းခြင်းဆိုသည်မှာ ထိုက်တန်သော ဂုဏ်အင်လက္ခဏာများရှိရမည်။ ထို့ကြောင့် ချီးမွမ်းခြင်းဟူသည် ပဌနာပြုရာတွင် မျက်မှောက်တော်ကို ဆောင်ကျဉ်းပေးသောအမှုဖြစ်၍ ဆာလံဆရာမှ ‘ကိုယ်တော်မူကား ဣသရေလအမျိုးသားတို့ ချီးမွမ်းရာ၌ ကျိန်းဝပ်လျက် သန့်ရှင်းခြင်းရှိတော်မူ၏။’(ဆာ၊၂၂း၃) ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းပဌနာပြုရာတွင် ကြွရောက်ကိန်းဝပ်တော်မူသည်သာမက ချီးမွမ်းခြင်းအလယ်တွင်လည်း ကြွလာလျက် ကိန်းဝပ်တော်မူသောဘုရားဖြစ်ပေသည်။ တစ်စုံတစ်ရာအတွက် ဘုရားသခင်ထံ တောင်းလျှောက်ခြင်းမပြုမီ ဘုရားသခင်ဂုဏ်တော်နှင့် ကောင်းမြတ်ခြင်းများအကြောင်းကို ဆင်ခြင်လျှက် အောက်မေ့အချိန်ယူကြပါစို့။ ဘုရားသခင် အဖြစ်တော်အတွက်လည်း ချီးမွမ်းကြပါစို့။

ဆက်လက်ဖော်ပြသွားပါမည် ▸▸





# တာဝန် (သို့) စေခိုင်းချက်

ရှင်မာကုခရစ်ဝင်၊ ၁း၉-၁၅ "အခန်းငယ် -၁၅ တွင် အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏ နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြလော့။ ဧဝံဂေလိတရားကို ယုံကြည်ကြလော့ဟူသော ဘုရားသခင်၏ နိုင်ငံ တော်နှင့် ယှဉ်သော ဧဝံဂေလိတရားကိုဟောတော်မူ၏" ဤကျမ်းချက်တွင် ခမည်းတော်ဘုရားသခင်၏ သားတော်ယေရှုအား စေလွှတ်၍ နောင်တတရားတည်းဟူသော ဧဝံဂေလိတရားကိုဟောစေခဲ့ပါသည်။ ရွေးကောက်ခေါ်ယူစေလွှတ်ခြင်းနှင့်အတူ တာဝန်ပေးခြင်းကိုတွေ့ရပါသည်။ "မဿဲ၊ ၂၈း၁၈-၂၀ တွင် "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ဗတ္တိဇံကိုပေးကြလော့" စေခိုင်းချက်နှင့်အတူ ကတိတော်များကို တွေ့ရပါသည်။ ဧဖက်၊၄း၁၁-၁၂ တွင် "ခရစ်တော်၏ကိုယ်ကိုတည် ဆောက်၍၊ ဓမ္မဆရာ၏အမှုကိုပြုတတ်မည်အ ကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှါ၊ ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့တိုကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်အရာ၊ ဆရာအရာ၌၎င်း၊ ခန့်အပ်ထားတော်မူ၏" ဘုရား၏စေခိုင်းချက်များလုပ်ဆောင်ရန်အတွက် လူအသီးသီးအား ဆုကျေးဇူးများနှင့်တာဝန်များခန့်အပ်ထားပါသည်။ ကျွန်ုပ်တို့က ဘုရားစကားကို နားထောင်၍ မိမိ၌ရှိသော နေရာဒေသ၌ နာခံခြင်းဖြင့် လုပ်ဆောင်ရန်လို ပါသည်။

မဿဲ၊ ၂၀း၂၇-၂၈ "သင်တို့မူကား ထိုသို့မပြုကြနှင့်၊ လူသားသည်သူတစ်ပါးကိုစေစားခြင်းငှါမလာ၊ သူတပါးအစေကိုခံခြင်းငှါ၎င်း မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှါ၎င်း၊ ကြွလာသည်ဖြစ်၍၊ ထို နည်းတူ သင်တို့တွင် အကဲအမှူးပြုလိုသောသူကို သင်တို့၏အစေခံဖြစ်စေ။ သင်တို့တွင် အထွဋ်အမြတ် လုပ်ချင်သောသူကိုလည်း သင်တို့ကျွန်ဖြစ်စေလော့ ဟု မိန့်တော်မူ၏။" အစေခံသောစိတ်ထား၊ နှိမ့်ချခြင်း ရှိဖို့ရန် လိုအပ်ကြောင်း ပြောထားသည့် ကျမ်းချက်ဖြစ်ပါသည်။ (ထွက်၊ ၁၈း၁၃-၂၆) လူမျိုးတော်ကို ကြည့်ရှုရန် ဘုရားခန့်အပ်ထားသောအခါ၊ တစ်ဦးတည်း မလုပ်ဆောင်နိုင်သောကြောင့် တာဝန်များကို ခွဲပေးခန့်အပ်ခဲ့ကြောင်းတွေ့ရပါသည်။ ဤအရာကိုကြည့်လျှင် အမှုတော်မြတ်ကိုလုပ်ဆောင်ရာတွင် တစ်ဦးကောင်းမဟုတ်ဘဲ (ထွက်၊၁၈း၂၁ 'သစ္စာရှိသောသူ၊ ဘုရားကိုကြောက်ရွံ့သောသူ၊ လောဘမရှိသူ' စသဖြင့် အရည်အချင်းရှိသောသူကို တာဝန်ခွဲပေး အတူတကွလုပ်ဆောင်ရမည်ဖြစ်သည်။ ယော၊၁၇ တစ်ခန်းလုံးကိုကြည့်လျှင် ခရစ်တော်၏ဆုတောင်းချက်ကို တွေ့ရမည်ဖြစ်သည်။ လုပ်ဆောင်သောသူများသည် တစ်လုံးတစ်ဝတည်းရှိရမည်။ တစ်လုံးတစ်ဝဆိုသောစကားကို (၆) ခါမျှဖော်ပြခြင်းမှာ အရေးကြီးသောကြောင့်ဖြစ်သည်။ (မဿဲ၊ ၂၅း၁၄-၃၀)တွင် ခရစ်တော်ပေးသော ဥပမာကိုတွေ့ရပါသည်။ ထိုအ ရာမှာ ငွေရှင်တစ်ဦးသည် ခရီးသွားရန်ရှိသဖြင့် သူ၌ရှိသောငယ်သားတို့အား တစ်ဦးကိုငွေအခွက်(၅၀)၊ နောက်တစ်ဦးကို အခွက်(၂၀)၊ နောက်ဆုံးတစ်ဦးကို အခွက်(၁၀) အသီးသီးပေးပြီးလျှင် ခရီးထွက်သွား သည်။ ငွေရှင်၏ရည်ရွယ်ချက်မှာ ထိုငွေကိုရင်းနှီးလျက် တိုးပွားစေရန်အပ်ခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့ပင် ကျွန်ုပ်တို့ကိုလည်း တတ်စွမ်းနိုင်ခြင်း ဆုကျေးဇူးအသီးသီးတို့ကို ဘုရားရှင်ပေးထားပါသည်။ ဘုရားပေးသောတာဝန်များကို တိုးပွားစွာထိန်းသိမ်းတတ်သောသူများဖြစ်ရန်လိုပါသည်။ လောက၌ အသက်ရှင်သောအခါ အမှတ်တမဲ့အကျိုးမရှိ ရည်ရွယ်ချက်မရှိ အသက်မရှင်ရန် လိုပါသည်။ ရရှိထားသောကယ်တင်ခြင်းကို တစ်ပါးသူအား ဝေငှဖို့ရန်လိုပါသည်။ ရရှိသောဆုကျေးဇူးအတိုင်း ဘုရားရှင်နိုင်ငံတော်ကျယ်ပြန့်ရန် တာဝန်ယူလုပ်ဆောင်ရပါမည်။

ယနေ့တိုင်ခရစ်တော်အလုပ်လုပ်နေပါသည်

(ရောမ၊ ၈း၃၄) "အပြစ်စီရင်သောသူကားအဘယ် သူနည်း။ အသေခံ၍ခံသည်သာမက၊ သေခြင်းမှထမြောက်၍ ဘုရားသခင်၏လက်ျာတော်ဘက်၌နေလျက်၊

❖ **တာဝန် (သို့) စေခိုင်းချက် မှ**

ငါတို့အဖို့ဆုတောင်းသောသူကား၊ ခရစ်တော်ပေတည်း" သင်နှင့်ကျွန်ုပ်တို့အတွက် ဆုတောင်းပေးလျက်ရှိပါသည်

(၁ယော၊ ၂:၁ "ချစ်သားတို့၊ သင်တို့သည် ဒုစရိုက်ကိုမပြုစေခြင်းငှါ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။ တစုံတယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင်၊ ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိတော်မူ၏။" လိုအပ်သောအရာ အခက်အခဲများအတွက် ခရစ်တော်ဘုရားသည် ခမည်းတော်ထံ၌ရှိနေလျက် လူသားများအတွက် ရှေ့နေအဖြစ်ဆောင်ရွက်ပေးလျက် ရှိနေပါသည်။

ထိုကြောင့် ခရစ်တော်အလုပ်လုပ်နေသလို ကျွန်ုပ်တို့သည်လည်း ဘုရား၏စေခိုင်းခြင်းများဖြစ်သောပျောက်ဆုံးသောဝိညာဉ်များကို ဧဝံဂေလိဟောခြင်း၊ အားနည်းသူများကို မစခြင်း၊ အချင်းချင်းတည်ဆောက်ခြင်း၊ တိုက်တွန်းနိုးဆော်ခြင်း အမှုအမျိုးမျိုးတို့ကိုလုပ်ဆောင်နေရမည်ဖြစ်သည်။

နောက်ဆုံးကျမ်းချက်အနေဖြင့် (မဿဲ၊၂၅:၂၁) "အရှင်ကလည်း သာဓုသစ္စာရှိသောငယ်သားကောင်း၊ သင်သည် အမှုငယ်၌ သစ္စာစောင့်လေပြီ များစွာသောအမှုအခွင့်ကို သင်၌ ငါအပ်ပေးမည်။ သင်၏သခင်နှင့်အတူ စည်းစိမ်ကို ဝင်စားလော့ဟု မိန့်တော်မူ၏။" အာမင်။

မေတ္တာဖြင့်
နော်အယ်မူး

လောက၌ အသက်ရှင်သောအခါ
အမှတ်တမဲ့အကျိုးမရှိ ရည်ရွယ်ချက်မရှိ
အသက်မရှင်ရန် လိုပါသည်။

## ဘိသိက်နှင့်ပြည့်စုံသောခေါင်းဆောင်တစ်ယောက်၏ အသက်ရှင်ခြင်းနိယာမနှင့် စီမံခန့်ခွဲခြင်း

သခင်ယေရှုသည် အမှုတော်မြတ်အတွက် မပြင်ဆင်မီ ဖခင်၏အလုပ်ဖြစ်သော လက်သမားအတတ်ကို သင်၍လုပ်ကိုင်ခဲ့ပြီး အိမ်အလုပ်ကို ကူညီဆောင်ရွက်ခဲ့သည်။ ထိုဘိသိက်နှင့်ပြည့်စုံသောခေါင်းဆောင်အမှုတော်ဆောင်ကောင်းဖြစ်ရန် အိမ်မှုကိစ္စကို တာဝန်ယူသူ ကူညီလုပ်နေသူဖြစ်ရမည်။ တချို့သောအမှုတော်ဆောင်ခေါင်းဆောင်များသည် တရားဟောခြင်းသာသနာပြုလုပ်ခြင်းမှာ လုပ်ဆောင်ကြသော်လည်း အိမ်မှာမိန်းမနှင့်ကလေးကိုပစ်ထား၍ ဘုရားရဲ့အမှုတော်ဆောင်နေသည်မှာ ဘုရားဘုန်းရှုပ်ချသူဖြစ်သလိုမှန်ကန်သောခေါင်းဆောင်ဖြစ်မည်မဟုတ်ပေ။

ထိုအခါမာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံစေရမည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့ ပို့ဆောင်တော်မူ၍(မဿဲ၊၄:၁)။ "ယေရှုသည် အရက်လေးဆယ်ပတ်လုံးအစာအဟာရကို မသုံးဆောင်ဘဲနေပြီးမှ မွတ်သိပ်ခြင်းသို့ ရောက်တော်မူ၏။"(မဿဲ၊၄:၂)။ သ ခင်ယေရှုသည် စစ်မှန်၍ ဝိညာဉ်တော်နှင့်ပြည့်စုံသော ခေါင်းဆောင်ဖြစ်ရန် အစာရှောင်ဆုတောင်း၍ မာရ်နတ်၏ စုံစမ်းခြင်းခံ၍အောင်မြင်ခဲ့သည်။ ခေါင်းဆောင်တိုင်းမှာ အမှုတော်မြတ်လုပ်ဆောင်ခြင်းမပြုမီ အစာရှောင်ဆုတောင်းခြင်းအသက်တာရှိခြင်းသည် အထူးပင်လိုအပ်သည်။ ထိုမျှမက ခံရသော စုံစမ်းခြင်းများအတွက် စိတ်ဓာတ်ကျအရှုံးမပေးပဲ ဘိသိက်နှင့်ပြည့်စုံသောခေါင်းဆောင်ဖြစ်လာမည့်ဖြစ်သောကြောင့် တွေ့ကြုံရသည်ဟု ခံယူ၍ အောင်မြင်စွာကျော်ဖြတ်မည်ဟု ဆုံးဖြတ်ချက်ချကာ ဆက်လက်ချီတက်လုပ်ဆောင်နေရမည်။

သခင်ယေရှုသည် သာသနာပြုသည့်အစပိုင်းတိုင်း နောင်တရားနှင့်ဆိုင်သော ဧဝံဂေလိတရားကို ဟောပြော ခဲ့သည်။ ထိုနောက် အနာရောဂါငြိမ်းခြင်းနှင့် နတ်ဆိုးနှင် ထုတ်၍ လူများအားနတ်ဆိုး၏နှိပ်စက်ခြင်းမှ လွတ်မြောက် စေသည်။ သခင်ယေရှုသူကိုယ်တိုင်လုပ် ဆောင်ရုံသာမက သူ၏တပည့်တော်များအား နှစ်ယောက် စီစေလွှတ်ကာအခွင့်ပေးခဲ့သည်။ *"တကျိပ်နှစ်ပါးသော တ ပည့်တော်တို့ကို ခေါ်တော်မူပြီးမှ ညစ်ညူးသော*

နတ်တို့ ကို နိုင်စေခြင်းငှါ အခွင့်ပေးလျက်၊ နှစ်ယောက်စီ နှစ် ယောက်စီစေလွှတ်တော်မူ၏" (မာကု၊၆:၇)။ "တပည့်တော်တို့သည် ထွက်သွား၍ နောင်တတရားကို ဟောကြ၏။" (မာကု၊၆:၁၂)။ "နတ်ဆိုးများကို နှင်ထုတ်ကြ၏။ မကျန်းမမာသောသူများတို့ကို ဆီနှင့်လူး၍ အနာကို ငြိမ်းစေကြ၏။" (မာကု၊ ၆:၁၃)။ တပည့်တော်တို့သည် သခင်ယေရှုစေလွှတ်သည့်အတိုင်း နောင်တတရားနှင့်တကွ နတ်ဆိုးနှင်ထုတ်ခဲ့၍ မကျန်းမာသောသူများ သခင်ယေရှုခရစ်တော်ပြုသည်နည်းတူ ပြုလုပ်ခဲ့ကြသည်။

"တမန်တော်တို့သည် ယေရှုထံတော်၌စုဝေး၍ မိမိတို့ပြုသမျှ သွန်သင်သမျှတို့ကို ကြားလျှောက်ကြ၏။" (မာကု၊ ၆:၃၀)။ သခင်ယေရှုသည် တပည့်တော်များ လုပ်ဆောင်ခဲ့သမျှကို report တင်သည်ကို တွေ့ရသည်။ ဘုရားအသုံးပြုသောရွေးချယ်ထားသောအမှုတော်ဆောင်များအနေဖြင့် မိမိလုပ်ဆောင်ခဲ့သောအရာများ သခင်ယေ ရှုခရစ်တော်တည်းဟူ အသင်းတော်တွင် ဘုရားရဲ့ဘုန်း တော်ကိုသက်သေထူရန် သက်သေခံရန် လုပ်သင့်သော အရာဖြစ်သည်။ ထို့မှမက သခင်ယေရှုသည် တပည့်တော် များ၏သက်သေခံချက်များကို အချိန်ပေး၍ အလေးထား နားထောင်ခဲ့သည်။ ထို့ကြောင့် ခေါင်းဆောင်များ ဦး ဆောင်သူများအနေနှင့် အမှုတော်ဆောင်များ၏ သက် သေခံချက်များကို အချိန်ပေးနားထောင်၍ သုံးသပ်ပြီး ထပ်၍ တည်ဆောက်ပေးရန်အထူးပင်အရေးပါလှပါသည်။

ကိုယ်တော်ကလည်း၊ တောင်၌ဆိတ်ကွယ်ရာအရပ်သို့လာကြ။ ခဏအားဖြည့်၍ ငြိမ်သက်စွာနေကြဟု မိန့်တော်မူ၏။ အကြောင်းမူကား၊ လူများသွားလာကြသည်ဖြစ်၍ တမန်တော်တို့သည် အစာစားခြင်းငှါမျှမအားနိုင်ကြ။"(မာကု၊ ၆:၃၁)။ သခင်ယေရှုသည် သူ၏တပည့်တော်များလုပ်ဆောင်ရန်တာဝန်များပြီးစီးသောအခါ အနားယူရန်အချိန်ပေးပြီး စားသောက်ခြင်းပြုရန်အခွင့်ပေးခဲ့သည်။ ဘုရားသခင်၏ရွေးချယ်ထားသော ခေါင်းဆောင်များအနေဖြင့် ဘုရားပေးထားသော လက်တွဲဖော်နှင့်နောက်လိုက်အမှုတော်ဆောင်များအား အနားယူ၍ အားဖြည့်ပေးရန် အချိန်ပေးအခွင့်ပေး၍ ပြုစုရန်လိုအပ်ပါသည်။ တချို့သောခေါင်းဆောင်များဦးဆောင်သူများသည် စေလွှတ်ပြီးလျှင် ကိုယ်နှင့်မဆိုင်သလို လျစ်လျူရှုခြင်းကို မလုပ်ရန် အထူးပင်သတိထားရမည်။

"ကိုယ်တော်က သူတို့စားစရာဖို့ သင်တို့ပေးကြလေ့ဟု ပြန်ပြောတော်မူ၏။ တပည့်တော်တို့ကလည်း၊ အကျွန်ုပ်တို့သည် သွား၍၊ဒေနာရီအပြားနှစ်ရာနှင့် မုန့်ကို ဝယ်ပြီးလျှင် သူတို့အားစားစရာဖို့ ပေးရပါအံ့လောဟု လျှောက်ကြ၏။ ကိုယ်တော်ကလည်း သင်တို့၌ မုန့်ဘယ်နှစ်လုံးရှိသနည်း။ သွား၍ ကြည့်ရှုကြဟု မိန့်တော်မူသည်အတိုင်းသူတို့သည် သိပြီးမှ၊ မုန့်ငါး လုံးနှင့် ငါးနှစ်ကောင်ရှိပါသည်ဟု လျှောက်ကြပြန်၏။ထိုအခါ လူအပေါင်းတို့ကို မြက်စိမ်းပေါ် မှာ အစုစုလျောင်းကြစေဟု အမိန့်တော်ရှိ၏။ သူတို့သည် တရာတစု၊ ငါးဆယ်တစု၊ အစုစုလျောင်းကြလျှင်၊ ကိုယ်တော်သည် မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကိုယူ၍၊ ကောင်းကင်သို့ ကြည့်မျှော်လျက် ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ လူများတို့ရှေ့၌ ထည့်စေခြင်းငှါ တပည့်တော်တို့အား ပေးတော်မူ၏။ ငါးနှစ်ကောင်ကိုလည်း လူအပေါင်းတို့အား ဝေငှတော်မူ၏။" (မာကု၊၆:၃၇)။ သခင်ယေရှုသည် မိမိကိုယ်တိုင်လုပ်ဆောင်ရန်မဟုတ်ဘဲ၊ တပည့်တော်များအား ကိုယ်တိုင် ဘုရားရဲ့တန်ခိုးမြင်ရန် တာဝန်ပေးပြီး အစီအစဉ်တကျလုပ်ဆောင်ရန် ညွှန်ကြားခဲ့သည်။ လူတွေကို ကျွေးမွေးသောအခါ အဆင်ပြေသလိုမကျွေးပဲ တရားနာပရိတ်သတ်များကို လူတစ်ရာအုပ် ငါးဆယ်အုပ်စီ ထိုင်ပြီးမှ ချီးမွမ်းဆက်ကပ်၍ လူတွေရှေ့မှာ မုန့်နှင့်ငါးများကို ဝေငှပေးကမ်းခိုင်းသည်။ ထိုအတူ ဘုရားဘိသိက်ပေးထားသော ခေါင်းဆောင်များနှင့် ဦးဆောင်သူများအနေဖြင့် လူခွန်အားနဲ့မဖြစ်နိုင်သည့်လုပ်ဆောင်ရမည့်အရာအတွက် ပန်းတိုင်နှင့် အစီအစဉ်များရေးဆွဲ၍ စနစ်တကျတာဝန်ပေးပြီး ဘုရားသခင်အား ချီးမွမ်းဆက်ကပ်အပ်နှံရှေ့ဆက်လုပ်ဆောင်ရမည်။

"မုန့်နှင့်ငါးအကျိုးအပဲ့ကို ကောက်သိမ်း၍ တဆယ်နှစ်တောင်း၊ အပြည့်ရကြ၏။ မုန့်ကိုစားသောသူယောကျ်ားအရေအတွက်ကား၊ လူငါးထောင်မျှလောက်ရှိ သတည်း။" (မာကု၊ ၆:၄၃-၄၄)။ အစီအစဉ်တကျလုပ်ဆောင်သောအခါ ကျန်ကြွင်းသောမုန့်နှင့် ငါးအကျိုးအပဲ့ တဆယ်နှစ်တောင်းနှင့် ကျွေးမွေးသောလူဦးရေကိုသိရှိခဲ့ခြင်းဖြင့် ဘုရားသခင်သည် မဖြစ်နိုင်သောအခြေအနေ ထဲတွင် တိုးပွားများပြားသည့် နိမိတ်လက္ခဏာကို ရှင်းလင်း

စွာ လူတိုင်းမြင်ခဲ့ရသည်။ ထိုကြောင့် ဘုရားသခင်၏ ဘုန်းတန်ခိုးကြီးခြင်းကို မြင်တွေ့ရန် အစီအစဉ်တကျ လုပ်ဆောင်တတ်ခြင်းနှင့် စာရင်းများပြုစုရေးမှတ်ထားခြင်းမှာ ဘုရားဘုန်းတော်ထင်ရှားရန်ဖြစ်သည်။

"စည်းဝေးသောသူတို့ကို လွှတ်တော်မူစဉ်တွင် တပည့်တော်တို့ကို လှေစီးစေ၍ ကမ်းတဘက် ဗက်ဇဲဒမြို့သို့ အရင်ကူးစေတော်မူ၏။ စည်းဝေးသောသူတို့ကို လွှတ်ပြီးမှ ဆုတောင်းပဋ္ဌနာပြုအံ့သောငှါ တောင်ပေါ်သို့ ကြွတော်မူ၏။" (မာကု၊ ၆:၄၅-၄၆)။ သခင်ယေရှုသည် ဘုရား၏ အမှုတော်မြတ်ကို ကိုယ်တိုင်ကိုယ်ကျပါဝင်ရုံသာမက တာဝန်ပြီးသောအချိန်၌ အပြင်လောကထဲတွင် အနားမယူပဲ ဘုရားရဲ့မျက်မှောက်တော်ထဲမှာ တစ်ယောက်တည်းအချိန်ယူ၍ ဆုတောင်းခဲ့သည်။ များသောအားဖြင့် ဝိညာဉ်ခေါင်းဆောင်များသည် အမှုတော်မြတ်ထဲ ပါဝင်လုပ်ဆောင်စီမံပြီးသောအချိန်တွင် လုံးဝအနားယူ၍ Relax အစာစားခြင်း၊ ရုပ်ရှင်ကြည့်ခြင်းတွေးခေါ်ခြင်းများစသည့် လောကီတပ်မက်ခြင်းများနှင့် အဆုံးသတ်တတ်သည်။ ထိုကြောင့် ဝိညာဉ်မီးများငြိမ်းလာ၍ နောက်ထပ်ခြေလှမ်းရန် မောပန်း၍ ပင်ပန်းအားငယ်လာတတ်သည်။ သခင်ယေရှုသည် တစ်ဦးနေ၍ဆုတောင်းအချိန်ယူပြီးနောက် တပည့်တော်ရှိရာသို့ ရေပေါ်မှာလမ်းလျှောက်လာသည်ကို တွေ့ရသည်။ ခေါင်းဆောင်များမှ အသုံးပြုခြင်းခံရသော်လည်း ရေပေါ်မှာတည်းဟူသော မဖြစ်နိုင်သည့် အမှုအရာများကို ဆက်မလှမ်းနိုင်တော့ဘဲ ဝိညာဉ်မီးအရှိန်ငြိမ်းသွားသည်။ ကြီးမားပြီးလူ့ခွန်အားနဲ့မဖြစ်နိုင်သည့် အံ့ဩဖွယ်ရာကိုလုပ်ဆောင်ခြင်း၊ နောက်တစ်ဆင့်တက်လှမ်းရန်အမှုတော်မြတ်ဆောင်ရွက်ပြီးတိုင်း ဘုရားမျက်မှောက်တော်ထဲမှာ အနားယူဆုတောင်း၍အဆုံးသတ်ရန်

ဆရာကြည်သာလှ

## ချီးမွမ်းခြင်းများ နှင့် ဆုတောင်းချက်များ

### ချီးမွမ်းခြင်း

- အခြေအနေအမျိုးမျိုးအခက်အခဲများကြားထဲမှ ဘုရားရှင်၏ ဧဝံဂေလိတရားကို ဝေစာများဖြန့်ဝေခြင်းအားဖြင့် လုပ်ဆောင်ခွင့်ရရှိသောကြောင့် ကျေးဇူးတော်ချီးမွမ်းပါသည်။
- **Online Webside** အားဖြင့် ဧဝံဂေလိဟောခြင်း၊ **Follow up** များ အစပြုတိုးချဲ့ပြုလုပ်နိုင်ခြင်းနှင့် တုံ့ပြန်မှုများရရှိသောကြောင့် ကျေးဇူးတော်ချီးမွမ်းပါသည်။

### ဆုတောင်းချက်

- **April, May** ၂လတာ၊ **Easter Project** အထူးဝေစာဝေခြင်းရှိသောကြောင့် တိုင်းနှင့်ပြည်နယ်အသီးသီးမှ အမှုတော်ဆောင်များအား ဘုရားရှင်လမ်းပြပို့ဆောင်ခြင်းဖြင့် လုပ်ဆောင်နိုင်ရန်။
- **April** သင်္ကြန်တွင်း အသင်းတော်၊ အဖွဲ့အစည်း၊ ဂိုဏ်ဂဏအသီးသီးလုပ်ဆောင်ကြမည့် ကျမ်းစာသင်တန်းများအား ဘုရားရှင်ကောင်းကြီးပေးရန်။
- မြန်မာပြည်တည်ငြိမ်အေးချမ်းသာယာပြီး ဘုရားဘုန်းတော်ထင်ရှားလာရန်။
- စစ်မက်ဘေးဒဏ်ခံစားနေရသူများ၊ အလုပ်လက်မဲ့ဖြစ်နေသူများ၊ ခက်ခဲနေသူများအား ဘုရားရှင်ကွယ်ကာမစရန်။

အိမ်တိုင်ရာရောက်ခရစ်တော်သာသနာပြုအဖွဲ့

www.everyhomemyanmar.org,

Condo (D-7), FMI-City, လှိုင်သာယာမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

## အချိန်ကာလ၏ ဆုကျေးဇူး

ဆုတောင်းခြင်းသည် အရေးကြီးသည်ဟု ကျွန်ုပ်တို့ ခံယူကြလျှင် ကျွန်ုပ်တို့၏ဝိညာဉ်တိုက်ပွဲလည်း အစပြုလာသည်။ ပရောဖက်ဆာ Hallesby က သူ၏ ဂန္ထဝင်စာအုပ်ဖြစ်သော "ဆုတောင်းခြင်း" ၌ ရှင်းပြထားသည်။ "ဆုတောင်းခြင်းနှင့်ဆက်စပ်နေသော ပထမနှင့် ဆုံးဖြတ်ချက်တိုက်ပွဲသည် နေ့စဉ်နေ့တိုင်း ဘုရားသခင်နှင့်သာ အချိန်ယူဖို့ အစီအစဉ်ဆွဲသောအခါ၌ ပေါ်ပေါက်လာသော ပဋိပက္ခဖြစ်သည်။"

ကျွန်ုပ်တို့ နေ့စဉ်နေ့တိုင်း ဆုတောင်းမည်ဟု သဘောချမှတ်သည့်အချိန်၌ပင် စာတန်သည် ကျွန်ုပ်တို့၏ အသက်လမ်းခရီး၌ စိတ်အာရုံပျံ့လွင့်စေသည့် အတားအဆီးနှင့် ဖြည့်စွက်လာသည်။ အလုပ်ကိစ္စတာဝန်များ တိုးလာခြင်း၊ ကလေးများက အချိန်ကိုပို၍တောင်းဆိုခြင်း စသဖြင့်ဖြစ်သည်။ သာမန်ထက်ပို၍ ပူပန်စရာများဖြစ်လာသည်။

Dr. Hallesby က ပို၍အကြံပြုထားသည်။ "ဇာတိစိတ်သည် သီးခြားအချိန်ပေးပြီး ဆုမတောင်းဖို့အတွက် ဖြစ်နိုင်သည့်အကြောင်းအရင်းမှန်သမျှကို အစဉ်အမြဲအလိုအလျောက် စုစည်းထားလေ့ရှိသည်။ ဥပမာ၊ သင်သည် အလွန်အလုပ်များ၍ သင့်စိတ်သည်လည်း လွန်စွာဖိစီးနှစ်မြုပ်နေလျှင် စိတ်နှလုံးသဘောက ဆုတောင်းချင်စိတ်မရှိတော့ပါ။ နောက်ပိုင်းတွင် သင်၌အချိန်ပိုရပြီး သင့်စိတ်အာရုံအတွင်း၌သာ ဆုတောင်းနိုင်လိမ့်မည်။ ဤအရာကို မသိလျှင် တစ်နေ့တာလုံး လွန်မြောက်သွားခဲ့သော်လည်း ကျွန်ုပ်တို့၌ ဘုရားသခင်နှင့် သီးသန့်အချိန်ယူမှုမရှိနိုင်ခဲ့ပါ"

ဤအရာကို သင့်စိတ်ထဲမှာ ဂရုစိုက်၍ အမှတ်အသားပြုလုပ်ပါ။ "ဆုတောင်းရန်အချိန်သတ်မှတ်ခြင်းသည် ဖြစ်နိုင်သောအရာဖြစ်သည်" Susanna Wesley အကြောင်း စဉ်းစားကြည့်ပါ။ John နှင့် Charles အပါအဝင် သွက်လက်လှုပ်ရှားနေသော သားသမီး(၁၉)ယောက်နှင့်အတူ ရှိနေစဉ်မှာပင် နေ့စဉ်ဆုတောင်းရာအချိန်ကို ရှာတွေ့ခဲ့သည်။ ဤဘုရားတရားကိုင်းရှိုင်းသော သန့်ရှင်းသူသည် ဖြစ်ခဲလှစွာ နေ့စဉ်ဆုတောင်းဖို့ အချိန်တစ်နာရီတိတိထက်မနည်း ဘုရားသခင်၌ ပေးအပ်လျက်ရှိသည်။

"သို့သော် ကျွန်ုပ်၌ ဆုတောင်းရာနေရာမရှိပါ"ဟု အချို့က ငြင်းကြလိမ့်မည်။ Susanna Wesley ၌လည်း ဆုတောင်းဖို့သီးသန့်နေရာမရှိခဲ့ပါ။ ထို့ကြောင့် သူမသည် မိမိရွေးချယ်ထားသောဝိညာဉ်ရေးလေ့ကျင့်ခန်း၌ မိမိ၏ခါး စည်းပဝါကိုယူပြီး မျက်နှာပေါ်မှာ ဖုံးအုပ်သည်။ ထိုသို့ ပဝါဖုံး၍ဆုတောင်းနေစဉ်အတောအတွင်း ကလေးများက မနှောင့်ယှက်ဖို့ ညွှန်ကြားထားသည်။

Susanna Wesley ကဲ့သို့ပင် ကျွန်ုပ်တို့သည် နေ့စဉ်ဆုတောင်းရန် အချိန်ကို သတ်မှတ်ကြရမည်။ ကျွန်ုပ်တို့ လုပ်ဆောင်နိုင်ကြလျှင် ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ နေ့စဉ်လျှောက်လှမ်းဖို့ရာ အသက်တာ၌ ဘုရားသခင်ရည်ရွယ်၍ ဖိအားပေးသောအရာသည် ဘယ်အခါမျှ ဖြစ်မလာတော့ပါ။ လက်တွေ့ဆန်သော ဆုတောင်းခြင်းဆိုင်ရာ မိမိတို့၏အသိတရားအပေါ်မှာ လိုက်နာကျင့်ကြံမှသာလျှင် ဆုတောင်းခြင်းဆိုင်ရာ လက်တွေ့တန်ခိုးကို ရှာတွေ့ကြလိမ့်မည်။

John Wesley ၏လုပ်ဖော်ဆောင်ဖက်တစ်ဦးဖြစ်သော Madeley ၏ Fletcher က လက်တွေ့ဆုတောင်းခြင်းလုပ်ဆောင်ရာအရေးကြီးပုံကို သာဓကနှင့်ဖော်ပြသည် ဤဆက်ကပ်သော စစ်သူရဲ၌ သူ၏သင်ခန်းစာအမြောက်အမြားအတွက် မည်သို့မျှ သာမန်မဟုတ်သော နိဂုံးချုပ်မှုတစ်ခုရှိနေသည်။ ဆုတောင်းခြင်းနှင့် ဝိညာဉ်ရေးရာကြီးထွားမှုဆိုင်ရာ ဆွေးနွေးပွဲအပြီး၌ Fletcher က သူ၏တပည့်များကို ပြောသည်။ "ဤအရာသည် သီအိုရီပင်ဖြစ်သည်။ လက်တွေ့လုပ်ချင်သူတိုင်း ယခု ကျွန်ုပ်အခန်းထဲသို့ လိုက်လာကြပါ။"

Fletcher ၏ တပည့်အားလုံးသည် ဤဘုရားတရားကိုင်းရှိုင်းသော သန့်ရှင်းသူ၏အခန်းထဲသို့ တိတ်ဆိတ်စွာလိုက်သွားကြပြီး လက်တွေ့ဆန်သော ဆုတောင်းခြင်းအကြောင်း တစ်နာရီ (သို့) နှစ်နာရီခန့်မျှ လေ့လာလုပ်ဆောင်ကြသည်။ လျှို့ဝှက်ချက်ကို သူတို့သိလိုက်သည်မှာ "လုပ်ဆောင်ခြင်း" ဖြစ်သည်။ "သိနေခြင်း" မျှသာမဟုတ်တော့ပါ။

ဆုတောင်းခြင်းသည်သီအိုရီဆန်သောတန်ခိုးထက် ပို၍လက်တွေ့ဆန်သော တန်ခိုးဖြစ်သည်။ သို့သော် ဤလက်တွေ့တန်ခိုးအတွက် ကျွန်ုပ်တို့သည် ဆက်ကပ်ပူဇော်ချင်သောစိတ် ပို၍ရှိနေရမည်။ Samuel Chadwick က သတိပေးထားသည် "ဤနေ့ရက်ကာလတို့တွင် ဆုတောင်း

ဖို့ရန် အချိန်မရှိနိုင်ပါ။ သို့သော် အချိန်မပါရှိဘဲ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းကို ဘယ်အခါမျှလေ့လာသိရှိနိုင်မည်မဟုတ်ပါ။ (၂၄) နာရီအတွင်း ဘုရားသခင်ကို တစ်နာရီခန့်မျှ ပေးနိုင်ဖို့ ဖြစ်သင့်ပါသည်။

**ဆုတောင်းခြင်းအတွက် ပုံစံတစ်ခု**

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မိနစ်(၆၀)အကျိုးရှိစွာ အချိန်ယူနိုင်ဖို့ ဂရုစိုက်၍ စီမံဆောင်ရွက်သင့်သည်။ စနစ်တကျ ဆုတောင်းခြင်းသည် ဆက်ကပ်အပ်နှံခြင်းအလေ့အထ၌ ကျန်းမာခြင်းကို ဖြည့်စွက်ပေးသည်။ ဘဝအသက်တာ၏ တာဝန်ကဏ္ဍအများစုသည် စနစ်တကျအောင်မြင်ပြည့်စုံခြင်းရှိသည်။ ထိုသို့အားဖြင့် ဘဝအသက်တာ၌ စနစ်တကျ ချဉ်းကပ်မှုမရှိလျှင် လိုရာပန်းတိုင်များသို့ မရောက်ဘဲရှိနေလိမ့်မည်။

ဆုတောင်းခြင်း၌လည်း ထိုကဲ့သို့ပင်ဖြစ်သည်။ ဝတ်ပြုရာအလေ့အထသည် လျော်ကန်သင့်မြတ်စွာ လုပ်ဆောင်နိုင်ဖို့အတွက် ဂရုစိုက်သော ပြင်ဆင်မှုနှင့် အကြံအစည်လိုအပ်သည်။ Harold Lindsell က သတိပေးထားသည် "ဆုတောင်းခြင်းသည် လူတို့၌သဘာဝအတိုင်းရောက်လာသည်မဟုတ်ပါ။ လေ့လာဆည်းပူးရခြင်း ဖြစ်သည်။ ဆုတောင်းရန် လေ့လာဆည်းပူးခြင်း၌ လက်တွေ့ဆန်သောဆုတောင်းခြင်း၌ အကျိုးရရှိသည့် အတွေ့အကြုံကဲ့သို့ ဆုတောင်းရာ ဥပဒေပညတ်၏အသိပညာလည်းပါဝင်သည်။ ဆုတောင်းခြင်းသည် ကြီးထွားခြင်းရှိဖို့ရန်အတွက် အာဟာရပြည့်ဝခြင်းနှင့် စိုက်ပျိုးခြင်းရှိရမည်။"

သမ္မာကျမ်းစာသည် ဝတ်ပြုခြင်းအလေ့အထကိုအခြေခံသော ဆုတောင်းခြင်းနှင့် ဆက်စပ်နေသည့် မြောက်မြားစွာသော အယူအဆသဘောတရားတို့နှင့် ပြည့်လျှက်ရှိသည်။ "ကမ္ဘာလောကကို ပြောင်းလဲစေသည့်အချိန်နာရီ" သည် အယောက်စီတိုင်းအတွက် နေ့စဉ်အခြေခံ စနစ်တကျ လိုက်လျှောက်ကျင့်သုံးနိုင်သော အဓိကဝိသေသလက္ခဏာများကို ကြိုးစား၍တင်ဆက်နေသော စာအုပ်တစ်အုပ်ဖြစ်သည်။

ဝိသေသလက္ခဏာတစ်ခုချင်းသည် သမ္မာကျမ်းစာ၌ ရှင်းလင်းစွာအခြေခံသော်လည်း သူတို့ကို ခန့်အပ်ထားသောတိကျသည့်အမိန့်တို့သည်ကွဲပြားခြားနားမှုရှိနိုင်သည် ဆုတောင်းခြင်းဆိုင်ရာအယူအဆ(၁၂)မျိုးအပေါ်မှာ (၅)မိနစ် အချိန်ယူခြင်းသည် တစ်နာရီအတိအကျဖြစ်သွားလိမ့်မည်။ မည်သို့ပင်ဆိုစေ အချို့သောဆုတောင်းစစ်သည်တို့သည် အခြားသောသူတို့ထက် အချိန်ပို၍ယူလိုသောဆန္ဒရှိလိမ့်မည်။ ဝိသေသလက္ခဏာ(၁၂)မျိုး၏ (၈)ခု သို့ (၉)ခု၌သာ သင်တို့၏ဝတ်ပြုရာအချိန်နာရီ ပါဝင်ခြင်းရှိနိုင်လိမ့်မည်။

မည်သည့် "ဆုတောင်းရာစနစ်" ၌မျှ ကျွန်ခံခြင်းမရှိစေဖို့ သတိပြုရမည်။ ဆုတောင်းခြင်းသည် အမှန်ပင် စနစ်တစ်ခုမျှသာ မဟုတ်ပါ။ လူနှင့် ဘုရားသခင်ကြားဆက်ဆံရေး တိုးတက်ခြင်း ဖြစ်သည်။ ဝတ်ပြုကိုးကွယ်ရာ အလေ့အထ၏ အမြင့်ဆုံးပန်းတိုင်သည်ကား ဤဆက်ဆံရေးကို ခွန်အားဖြည့်စွက်ခြင်း ဖြစ်သည်။

**ဆုတောင်းချက်အလုပ်လုပ်ခြင်း**

"အဘယ်ကြောင့် ဆုတောင်းရသနည်း" ဟု မေးခွန်းပေါ်ထွက်လာသောအခါ ကျွန်ုပ်တို့၏ တုံ့ပြန်မှုအဖြေနှစ်မျိုးရှိသည်။ ပထမ၊ "ယေရှုခရစ်တော်က ကျွန်ုပ်တို့အား ဆုတောင်းဖို့ ခေါ်သောကြောင့်" ဒုတိယ "ဆုတောင်းချက်အလုပ်လုပ်သောကြောင့်" ဟူ၍ဖြစ်သည်။

စာရေးသူသည် နေ့စဉ် ဆုတောင်းခြင်း၌ ချိတ်ဆက်နေဖို့အတွက် ပထမအကြောင်းအရင်းနှင့် စပ်ဆိုင်သော ကိုယ်တိုင်ကြုံတွေ့မှုကို ပြန်သတိရစေခြင်းသည် အလွန်ကောင်းပါသည်။ ဘုရားသခင်သည် ဆုတောင်းချက်ကို အဖြေပေးမည်ဟု ကျွန်ုပ်သည် အစဉ်အမြဲယုံကြည်သည်။ သို့သော် ကျွန်ုပ်၏ဆုတောင်းခြင်းအသက်တာသည် ဘယ်သောအခါမျှ တစ်သမက်တည်း ဖြစ်မနေပါ။ ကိုးကွယ်ဝတ်ပြုရာအသွင်သဏ္ဍာန်ပြောင်းလဲခြင်းကာလ၌ ကျွန်ုပ်သည် ဆုတောင်းခြင်းဆိုင်ရာအကြောင်းနှင့် ပတ်သက်သော မေးခွန်းတစ်ခုကို ယေရှုခရစ်တော်က သူ၏တပည့်များ၌မေးသည့်အကြောင်းကို ကျွန်ုပ်သည် စွဲကိုင်ထားသည်။ ဂေသရှေမန်ဥယျာဉ်ထဲ၌ရှိနေစဉ် ခရစ်တော်သည် အိပ်ပျော်နေသော တပည့်တော်များထံသို့ ရောက်လာသည်။ ပေတရုကို ပထမဆုံးမေးခွန်းတစ်ခုမေးသည်။ "သင်တို့သည် တစ်နာရီခန့်မျှ ငါနှင့်အတူစောင့်၍နေစေခြင်းငှာ ဤသို့မစွမ်းနိုင်သလော"(မဿဲ၊ ၂၆း၄၀)

ချက်ချင်း ကျွန်ုပ် သိမှတ်ခံယူလိုက်သည်မှာ ယေရှုခရစ်တော်သည် ကျွန်ုပ်ကို ပြောနေခြင်းဖြစ်သည်။ ကျွန်ုပ်လည်းပဲ ယေရှုခရစ်တော်နောက်ကိုလိုက်သောသူဖြစ်သည်။ တစ်နေ့ကို တစ်နာရီခန့်မျှ အတိအကျ နေ့စဉ်ဆုတောင်းဖို့ အချိန်ကိုပေးဆပ်ရန် ကျွန်ုပ်၌ စိန်ခေါ်နေသကဲ့သို့ ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်၏ရွေးချယ်မှုဖြစ်သည်။

မည်သူမျှ ကျွန်ုပ်ကို တွန်းအားမပေးပါ။ ကျွန်ုပ်သည် အိပ်လို့ရသည်။ (သို့) ဆုတောင်းလို့ရသည်။ နောက်ပိုင်းတွင် ကျွန်ုပ်ရွေးချယ်လိုက်သည့်ဆုံးဖြတ်ချက်အတွက် ဘယ်သောအခါမျှ နောင်တမရပါ။ တစ်ခါတစ်ရံ တိုက်ပွဲသည် ခက်ခဲခြင်းရှိသော်လည်း အောင်မြင်မှုတို့သည်ကား အမြဲချိုမြိန်လျက်ရှိသည်။

သို့သော် နေ့စဉ်ဆုတောင်းခြင်း အကျိုးကျေးဇူးအတွက် ဒုတိယအကြောင်းအရင်းတစ်ခုရှိသည်။ "ဆုတောင်းချက် အလုပ်လုပ်သည်" တရုတ်ပြည်သာသနာပြုဆရာဖြစ်သော Dr. Walter Judd သည် သာသနာပြုခြင်း၌ သူ၏ဆုတောင်းခြင်းအတွေ့အကြုံကို မကြာခဏဝေမျှခြင်း၌ ဝမ်းမြောက်လျက်ရှိသည်။ ယင်းအတွေ့အကြုံတို့နှင့် ဒေါက်တာက ဤသို့ဆက်စပ်လိုက်သည်။ "ဤနေ့ရက်ကာလအတွင်း ကျွန်ုပ်၌ အာမခံချက်နှင့် ယုံကြည်စိတ်ချခြင်းတို့ကိုပေးသော ကျွန်ုပ်ကိုမြဲမြံတည်ငြိမ်စေဖို့ ကူညီထောက်ပံ့သော တစ်စုံတစ်ရာသည် ကျွန်ုပ်ဝိညာဉ်ထဲ၌ ရောက်လာသည်။ ၎င်းကို ကျွန်ုပ်ရှင်းမပြတတ်ပါ။ ယနေ့ညစားသော အစာအချို့သည် ကျွန်ုပ်၏ဦးနှောက်၊ အသွေးနှင့်အရိုးတို့၌ မည်သို့အကျိုးရှိသည်ကို ရှင်းမပြတတ်ပါ။ ထိုသို့ရှင်းမပြနိုင်သောကြောင့် ကျွန်ုပ်သည် စားနေခြင်းကို ရပ်ပစ်၍မရနိုင်ပါ။ ၎င်းသည် ရှင်းပြရာနယ်နိမိတ်ထဲ၌ ရှိနေသောအရာမဟုတ်ပါ။ (သို့) ဆင်ခြင်တုံတရားနှင့်လည်း သက်သေပြ၍မရနိုင်ပါ။ ၎င်းသည် ဆုတောင်းချက်အလုပ်လုပ်ရာ ခင်းကျင်းပြသသည့် နယ်ပယ်ထဲ၌ရှိနေသည်။

ကမ္ဘာဦးကျမ်း ပထမကျမ်းပိုဒ်မှနေ၍ ဗျာဒိတ်ကျမ်းနောက်ဆုံးစကားအထိ ဘုရားသခင်သည် ဆုတောင်းချက်ကို အဖြေပေးရာ ဝိညာဉ်ရေးရာ ထင်ရှားပေါ်လွင်မှုကို ကျွန်ုပ်တို့တွေ့မြင်ကြသည်။ Biship J.C.Ryle က ဤသို့အမြင်သဘော၌ ထပ်ဖြည့်စွက်သည်။ "ဆုတောင်းခြင်း၌ မဖြစ်နိုင်သောအရာနှင့် မရောက်နိုင်သောအရာကဲ့သို့သော အကြောင်းအရာများရရှိနိုင်သည်။ မီး၊ လေ၊ မြေကြီးနှင့် ရေအပေါ်မှာ အောင်မြင်ခြင်းရှိသည်။ ဆုတောင်းခြင်းသည် ပင်လယ်နီကို ဖွင့်၍ခွဲပစ်သည်။ ဆုတောင်းခြင်းသည် ကျောက်တုံးမှရေကို ထွက်စေသည်။ ကောင်းကင်မှမုန့်ကို ကျလာစေသည်။ ဆုတောင်းခြင်းသည် နေကိုရပ်တန့်စေသည်။ ဆုတောင်းခြင်းသည် ဧလိယ၏ယဇ်ပူဇော်ခြင်းအပေါ်သို့ ကောင်းကင်မှ မီးကျစေသည်။ ဆုတောင်းခြင်းသည် Sennachrib ၏စစ်တပ်ကို မောင်းထုတ်ပစ်သည်။ ဆုတောင်းခြင်းသည် အနာရောဂါကို ငြိမ်းစေသည်။ ဆုတောင်းခြင်းသည် သေသောသူကို ပြန်ရှင်စေသည်။ ဆုတောင်းခြင်းသည် အတိုင်းမသိပြောင်းလဲသော ဝိညာဉ်များကို ထိန်းသိမ်းစောင့်ရှောက်သည်။"

ဆုတောင်းရာတစ်ဖက်မှာ အခြားဘာမျှမရှိဟု ဘုရားသခင်မိန့်တော်မူချက်သည် ဧကန်အမှန်စင်စစ်ဖြစ်သည်။ ချစ်သော စာဖတ်သူများကို အသစ်သောစိတ်ချယုံကြည်မှုနှင့် ဆုတောင်းကြပါစို့။

"သခင်ဘုရား၊ ဆုတောင်းဖို့ ကျွန်ုပ်အားသွန်သင်ပါ၊"

Dick Eastman
(ကမ္ဘာလောကကို ပြောင်းလဲစေသည့်
အချိန်နာရီ )
မှ ကောက်နုတ်ဖော်ပြသည်။



အိမ်တိုင်ရာရောက်ခရစ်တော်သာသနာပြုအဖွဲ့
www.everyhomemyanmar.org,
Condo (D-7), FMI-City, လှိုင်သာယာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။